အထက်ပိုင်းကျေးရွာ

တိုက်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အောက်ရေကန်ကုန်း(အထက်ပိုင်း)ကျေးရွာ၊အောက်ရေကန်ကုန်းကျေးရွာအုပ်စု
တိုက်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ရက်

မာတိကာ

မာတိကာ ၁

စကားချီးအောက်ရေကန်ကုန်းကျေးရွာအုပ်စု၊အောက်ရေကန်ကုန်း(အထက်ပိုင်း)ကျေးရွာသယံဇာတ ပြဘေပုံ၊ ၅

တိုက်ကြီးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်ဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀
ကိုးကားစာရင်း ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့


အောက်ရေကန်ကုန်း(အထက်ပိုင်း)ကျေးရွာ

တိုက်ကြီးမြို့နယ်

အောက်ရေကန်ကုန်း(အထက်ပိုင်း) ကျေးရွာသယ်ဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



ခကထောက်ဒိုင်း ကျေးရွာ သယံဇာတပြမြေပုံ



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပုံအပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှ ဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေး ဆွဲခြင်း များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများ ကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ သည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် အုပ်ချုပ်ရေးရုံးစိုက်ရာ တိုက်ကြီးမြို့၏အနောက်ဘက်နှင့် အဖျောက်မြို့၏ တောင်ဘက်တွင်တည်ရှိ၍ ၎င်းမြို့များနှင့်ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ဖြစ်သည်။ဒေသ၏တစ်နှင့်ပျမ်းပျ မိုးရေချိန်လက်မမှာ ၈၀လက်မမှ ၁၀၀လက်မကြား တွင်တည်ရှိပြီး စိုက်ပျိုရေးလုပ်ငန်းများအတွက် အသင့်တင့်အထောက်အကူပြုပါသည်။ကျေးရွာ အရှေ့ဘက်တွင် အင်းအိုင်များတည်ရှိပါသည်။ လယ်ယာမြေများသည် စပါး၊ပဲစိုက်ပျိုးထုတ်လုပ်ဂုန်နှင့်အသက်မွေးဝမ်းကြောင်းပြုရန်အတွက် အဓိကအားထားရာဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

လယ်ယာမြေများရှိပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင်းသဘာဝသယံဇာတများမထွက်ရှိပါ။ အင်းအိုင်များနှင့်ငါးမွေးကန်များမှ ငါးပုဇွန်များ အသင့်အတင့်ထွက်ရှိပါသည်။တောင်သူအချို့မှာ နွေစပါးစိုက်ပျိုးရေကို အဝီစိတွင်းတူးကာ စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၃၀) စုနှင့်ကျား(၂၇၂)၊ မ(၂၅၀)ဦးဖြင့်လူဦးရေပေါင်း (၅၂၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ဦးထက်လျော့နည်းသည်။ကျေးရွာတွင် ဗမာနှင့်ကရင်လူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၄.၅၅% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များအား အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများလေ့ကျင့် သင်ကြားပေးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇၇.၆၉%သည်ဆင်းရဲနှင့် အလွန်ဆင်းရဲအဖြစ်ခံယူကြပြီး ၅.၃၈%သည်ချမ်းသာသည့်အဆင့်၊ ၁၆.၉၂% သည်အလယ်အလတ်အဆင့်ရှိသည်ဟုသတ်မှတ်ရသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့် ရေလုပ်ငန်းများ လုပ်ကိုင်မှုတို့ကြောင့် ကျေးရွာ့ စီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် လက်သမား၊ပန်းရံ၊စက်ချုပ်စျေးရောင်းလုပ်ငန်းများတွင်လည်းပါဝင်လုပ်ဆောင်ကြသည်။ ချေးငွေရရှိသောအိမ်ထောင်စုအချို့နှင့် အရောင်းအဝယ်လုပ်ကိုင်ကြသော အိမ်ထောင်စုအချို့မှာလည်း ငွေရေးကြေးရေးအသင့်အတင့် အဆင်ပြေမှုရှိသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများ၊ မြေယာမဲ့နှင့်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက်များပြားသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်းလုပ်ကိုင်ကာ အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေး၊ခေါင်းရွက်ဗျက်ထိုးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများနှင့်အင်းအိုင်များတွင်ငါး၊ပုစွန်ရှာဖွေခြင်း လုပ်ငန်းများကိုလည်းလုပ်ကိုင် ကြသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၇၇.၆%ဖြစ်သော (၁၀၀) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့အနက် ၆စုမှာ သူတစ်ပါးထံမှ မချေးငှားပဲ ၃လခန့်နပ်မှန် စားသုံးရပြီး အိမ်ထောင်စု ၂၃စုမှာ လည်းထိုနည်းတူစွာ ၆လမှ ၁၂လခန့်နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မိုးဦးကျရာသီချိန်တွင် ကလေးငယ်များဖျားနာမှုများဖြစ်ပွားတတ်သည်။အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို(၅)မိုင်ခန့် ဝေးကွာသော အဖျောက်မြို့ဆေးရုံဆေးခန်းများသို့ သွားရောက်ခံယူ ကြရသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှောစသော ရောဂါဖြစ်ပွါးမှုနည်းပါးကြောင်းတွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်နည်းပါးသည်။အခြေခံပညာရေးကိုကျေးရွာရှိမူလတန်းလွန်ကျောင်းတွင်တတ်ရောက်ပညာသင်ကြားနိုင်ပြီးအလယ်တန်းနှင့်အထက်တန်းကို အခြားသောကျေးရွာများသို့ သွားရောက်ပညာသင်ကြားကြသည်။သို့သော်သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက်အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်၊

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့်များတွင် မိန်းကလေးအရေအတွက်နှင့် ယောကျ်ားလေးအရေအတွက် အနည်းငယ်ကွာခြားမှုရှိသည်။အမျိုးသမီးများပညာသင်ယူရေးဆိုင်ရာအခွင့်အလမ်းမှာအမျိုသားများနှင့်အတူတူပင်ဖြစ်ပါသည်။ သို့သော်နေ့တွက်လုပ်အားခနှုန်းထားများမှာ အမျိုသားများနှင့်အမျိုးသမီးအနည်းငယ်ကွာခြားမှုရှိသည်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်မှုမှာနည်းပါးပါသည်။ ကျား။မတန်းတူညီမျှမှုနှင့်ပါတ်သတ်၍ လူအခွင့်အရေး၊အသိပညာပေး၊မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်းဘာသာရေးနှင့်လူမှုရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိနှင့် စီးပွားရေးဆိုင်ရာအခြေခံသမဝါယမအဖွဲ့အား‌ဖွဲ့စည်းထားပါသည်။ အခြားသောလူမှုအဖွဲ့အစည်းများနှင့် တောင်သူအကျိုးစီးပွားဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းထားခြင်းမရှိကြောင်းတွေ့ရပါသည်။အခြားအဖွဲ့အစည်းများမရှိသည့်အတွက်ကျေးရွာသို့လာရောက်ဖွဲ့စည်းပေးမည့်ပြင်ပအဖွဲ့အစည်းများရှိပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်းနှင့် စီမံအုပ်ချုပ်မှုပိုင်းများလည်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ကြောင်းတွေ့ရသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက (၃၉၄)ရှိပြီးသီးထပ်အဖြစ်မတ်ပဲကိုစိုက်ပျိုးကြသည်။နွေစပါး(၁၈၀)ဧကအားမြေအောက်ရေတူးဖော်ကာစိုက်ပျိုးကြသည်။မိုးစပါးပျမ်းပျအထွက်နှုန်းမှာ (၇၀)တင်း၊နွေစပါး(၈၅)တင်း၊မတ်ပဲ(၁၀)တင်းနှုန်းထွက်ရှိကြောင်းတွေ့ရသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုနှင့်စက်ယန္တရားများရှားပါးမှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှအလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာရာသီဥတုဒဏ်၊ဖျက်ပိုးများ ကျရောက်မှုနှင့်နည်းပညာ အားနည်းမှုတို့ကြောင့်လက်လှမ်းမှီသောအကူအညီနှင့်နည်းစနစ်များကိုလိုလားနေကြသည်။

ကျေးရွာတွင်းတစ်ပိုင်တစ်နိုင် ကြက်၊ဝက်၊ဘဲများမွေးမြူကြသူများ ရှိသော်လည်းမျိုးရင်းနှင့် ဆေးဝါးနည်းပညာများနိမ့်ကျလျှက်ရှိပါသည်။နည်းပညာဝန်ဆောင်မှုများမြို့နယ်တိမွေးကုဉီးစီးဌာန မှရရှိနိုင်သော်လည်း ဝန်းထမ်းမလုံလောက်ခြင်းကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်း သည်။မွေးမြူရေးပိုင်းဆိုင်ရာလုပ်ငန်းတွင်လည်း အဟန့်အတားများအနေဖြင့် ဆင်းရဲသောမိသားစု များကမွေးမြူးရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေအလွယ်တကူမရရှိနိုင်ပေ။ ကျေးရွာတွင်းရှိငွေတိုးချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းများမြင့်မားတတ်ကြသည်။

ကျေးရွာပတ်ဝန်းကျင်မှ အင်းအိုင်ချောင်းမြောင်းများတွင် သားငါးများကိုမိုးဦးကျကာလမှ တော်သလင်းလပြည့်ကျော်(၅)ရက်နေ့အတွင်း အင်းပိုင်ရက်မရောက်ခင်ရှာဖွေစားသောက်နိုင်ကြပြီး တော်သလင်းလပြည့်ကျော်(၅)ရက်မှ တန်ခူးလဆန်း(၁)ရက်နေ့အထိ အင်သားကြီးများမှ ဆက်လက် ၍ငါး၊ပုစွန်များကို လုပ်ကိုင်ဆောင်ရွက်ကြကြောင်းတွေ့ရသည်။ ကျေးရွာအနီးရှိ လုပ်ငန်းရှင်များ၏ ငါးကန်ပုစွန်ကန်များမှလည်းငါးပုစွန်များ နှစ်စဉ်ထွက်ရှိကြောင်းတွေ့ရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်းအိမ်တွင်းမှုအသေးစားလုပ်ငန်းများအဖြစ် ခမောက်ချုပ်လုပ်ငန်း၊တံပျက်စီးထိုး လုပ်ငန်းများရှိသော်လည်း အနည်းအကျဉ်းသာထုတ်လုပ်နိုင်သည်။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်းခေါင်းရွက်ဗျပ်ထိုး၊အစိုးရ ဝန်ထမ်းများဖြစ်ကြသည်။အခြားသောလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက်တွက် ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်သမား များမှာစိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များရှိပြီး ကျန်အချိန်များတွင်အလုပ်အကိုင်နှင့် ဝင်ငွေမမှန်သောကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင်းအလုပ်လုပ်နိုင်သူများပြားပြီး ထိုအခြေအနေမှာကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်ပါသည်။မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေး နိုင်သောလုပ်ငန်းများလည်းရှိပါသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊မုန့်လုပ်နည်း မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်။ကားမောင်း၊ဝပ်လျော့ စသည်တို့သည်အသက်မွေး ဝမ်းကျောင်းသင်တန်းများဖြစ်သော်လည်း ကျေးရွာသားအများစုသည်အဆိုပါသင်တန်းများနှင့်အထိ အတွေ့နည်းပါးသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီးသင် တန်းစရိတ်အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန် အတက်နိုင်ကြချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာအပ်ချုပ်၊စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်းစပါးနှင့် မတ်ပဲစိုက်ခြင်းများတွင် ဖျက်ပိုးများကြောင့် ပိုးသတ်ဆေးနှင့် ခါတုမြေဩသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျ ဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးအစား ခါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလက်စတစ်ခွံ၊ ပုလင်းခွံများကို စနစ်တကျ မစွန့်ပစ်သဖြင့် သက်ဆိုင်ရာပညာပေးလုပ်ငန်း များမြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း (၀.၇၂)ကျပ်ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ချေးငွေကို(၆)လအထိအသုံးပြုနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ အချို့အိမ်ထောင်စုများမှာ ကျေးရွာတွင်းရှိ ငွေတိုးချေးစားသူများနှင့် မိတ်ဆွေနှင့်မိသားစုများထံမှ ချေးငွေကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုကျန်းမာရေး.၊ပညာရေး.၊စားဝတ်နေရေးတို့အတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရသည်။ကျေးရွာတွင်းအကြွေးတင်ရှိမှုအားလေ့လာဆန်းစစ်မှုအရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည်အကြွေးယူထားကြပြီး အကြွေးငွေတစ်သိန်းမှ ဆယ်သိန်းကျပ်အထိ ချေးယူထားကြောင်းတွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိမူလတန်းလွန်ကျောင်းမှာ အလျားဇ၄ပေ၊အနံ၆၂ပေ၊အမြင့်၁၂ပေတစ်ဆောင်နှင့် အလျားဖ၀ပေ၊အနံ၃၀ပေ၊ အမြင့်၁၈ပေတစ်ဆောင်ရှိပြီး သွပ်မိုး၊အုတ်နံရံကာ၊ကွန်ကရစ်ခင်းကျောင်းဆောင်များဖြစ်သည်။ ကျောင်းသားဦးရေပေါင်း(၂၀၄)ဦးရှိသည် ရွာသားအားလုံးမှာရေးတတ်ဖတ်တတ်ကြပြီး ဇနှစ်အထက်လူဦးရေအားလုံး၏ ၁၁.၂၉%သည်ဘုန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။ ကျောင်းတွင်ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ကျောင်းဆရာ/ဆရာမ၁၀ယောက်ရှိပါသည်။ နှစ်စဉ်ကျောင်းဖွင့်ရာသီတွင် ပြဋ္ဌာန်းစားအုပ်များ လေ့ကျင့်ခန်းစာအုပ်များ၊အဝတ်အထည်များကို နိုင်ငံတော်မှ အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာအုပ်စုတွင်ဆေးပေးခန်းမရှိသဖြင့် နီးစပ်ရာအဖျော်မြို့သို့(၅)မိုင်ခန့်ခရီးကို ဖြတ်ကျော်၍ဆေးကုသမှုခံယူကြရသည်။ ကျေးရွာတွင်းဆေးပေးခန်းမရှိဘဲ အလှမ်းဝေးသော ကြောင့်မြို့ပေါ်သို့သွားရာတွင်အချိန် ကြံကြာမှုများရှိနေကြောင်းတွေ့ရသည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ ၊ မိုးရေလှောင်ကန်များရှိသော်လည်း သောက်သုံးရေလုံလောက်မှုမရှိပါ။ ချမ်းသာသောအိမ်ထောင်စုများမှ ယင်လုံအိမ်သာအသုံးပြုပြီး အလယ်အလတ်နှင့် ဆင်းရဲသောအိမ်ထောင်စုများမှာ ဝါးဖြင့်သာ

ဆောက်လုပ်ကြသည်။ ရွာအတွင်းတွင် ယင်လုံအိမ်သာများဆောက်လုပ်ထားခြင်းကြောင့် ရေကြောင့်ဖြစ်သော ရောဂါများဖြစ်ပွားမှုနည်းပါးသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသိုးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသိုးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်း ရွာလယ်လမ်းမကြီးအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကွန်ကရစ်ခင်းထားသော်လည်းငွေကြေးအခက်အခဲကြောင့် ဆိုင်ကယ်မောင်းတက်ရုံရှိပြီး ကြံခိုင်မှုမရှိပါ။နွေအခါတွင်စပါး၊ပဲတင်ဆောင်သောကားများဝင်ရောက်သဖြင့် လမ်း၏လုံလောက်သောအကျယ်အဝန်းနှင့် ကြံခိုင်မှုများလိုအပ်လျက်ရှိကြောင်းတွေ့ရသည်။

ကျေးရွာတွင်းလျှပ်စစ်မီးကို ၂၀၁၁ခုနှစ်မစတင်၍ ကိုယ်ထူကိုယ်ထအဖြစ်ဆောင်ရွက်၍မီးလင်းခဲ့ပါသည်။ကိုယ်ထူကိုယ်ထဖြစ်သည့်အတွက် ငွေကြေးပြေလည်သောသူများသာ လျှပ်စစ်မီးသုံးစွဲနိုင်ပြီး ကျန်အများစုဖြစ်သည့် ဆင်းရဲသူနှင့်အလွန်ဆင်းရဲသူမိသာစု များမှာလျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပါ။

ကျေးရွာတွင်းမိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီသလောက် ဆက်သွယ်အသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။တီဗွီ၊ လေဒီယိုများမှလည်း သတင်းများကိုရယူနိုင်ပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ တော်အသင့်ကောင်းမွန်ကြောင်းတွေ့ရသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်း ဆောင်ရွက်ထားသူမရှိသလောက်နည်းပါးပါသည်။ ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှုဖြစ်ပွားနှုန်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်းလျှပ်စစ်မီးရရှိထားသည့်အတွက် ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေပါသည်။ကျေးရွာတွင်းပညာတတ်ဘွဲ့ရလူငယ်နည်းပါးသော်လည်း အလုပ်လုပ်နိုင်သည့်လူဦးရေအား လုံး၏ ၆၄.၅၅%ရှိသည့်အတွက် ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအားလေ့ကျင့်သင်ကြားပေးခြင်းဖြစ် လူသားအရင်းအမြစ်များ တိုးတတ်ကောင်းမွန်လာစေပါသည်။

သဘာဝအရင်းအမြစ်ဖြစ်သော လယ်မြေများသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး တောင်သူများသည်ထွက်ကုန်ပစ္စည်းများကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်သည်။မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန် အတွက်အထောက်အပံ့ဖြစ်စေပါသည်။ မိုးစပါးနွေစပါးများ စိုက်ပျိုးရန်လယ်ယာမြေများလုံလောက်စွာရှိနေခြင်းသည် ဖွံ့ဖြိုးရေးအတွက်ထောက်အပံ့ကောင်းများ ဖြစ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ကုန်စည်များကိုလည်းလွယ်ကူချောမွေ့စွာသယ်ယူပို့ဆောင်နိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင်းရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော်လည်း နည်းပညာအားနည်းခြင်း၊ပိုးသတ်ဆေးနှင့်လယ်ယာသုံးပစ္စည်းများမြေဆီဩဇာ ဈေးနှုန်းမြင့်မားပြီး ဖျက်ပိုးများကိုကျွမ်းကျင်စွာမနှိမ်နင်းနိုင်ခြင်း နွေစပါးစိုက်ဧကများရှိသော်လည်း မြေအောက်ရေကို တုံကင်များမှတူး၍သုံးစွဲရခြင်းကြောင့် ငွေကုန်ကျေးကျများပြီး လယ်ယာမြေများမှထွက်ရှိသော စပါးအထွက်နှုန်းနှင့် တွက်ချေမကိုင်ပါ။တောင်သူများအနေဖြင့် မျိုးေ်ခြင်း နွေစပါးစိုက်ဧကများရှိသော်လည်း မြေအောက်ရေကို တုံကင်များမှတူး၍သုံးစွဲရခြင်းကြောင့် ငွေကုန်ကျေးကျများပြီး လယ်ယာမြေများမှထွက်ရှိသော စပါးအထွက်နှုန်းနှင့် တွက်ချေမကိုက်ပါ။တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များကို အလွယ်တကူသင့်တင့်မှန်ကန်သောဈေးနှုန်းများဖြင့် ရရှိရန်လိုအပ်လျက်ရှိပါသည်။

တောင်သူအများစုသည် စက်ယန္တရားလိုအပ်မှု၊နည်းပညာလိုအပ်မှု၊နွေစပါးအတွက်ရေအရင်းအမြင်လိုအပ်မှုငွေကျေးလိုအပ်မှုများသည် အဓိကအဟန့်အတားနှင့်စိန်ခေါ်မှုများဖြစ်ကြသည်။ ကျေးရွာတွင်တစ်နိုင်တစ်ပိုင် မွေးမြူရေးနှင့်အိမ်တွင်းမူလုပ်ငန်းများရှိသော်လည်း ကုန်ကြမ်းနည်းပညာနှင့် အရင်းအနှီးနည်းပါးခြင်းကြောင့် လုပ်ကိုင်နိုင်သူနည်းပါးသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျေးရွာ၏ရွာလယ်လမ်းမကြီးကို လုံလောက်သောအကျယ်အဝန်းနှင့်ကြံ့ခိုင်မှုရှိစေရန် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်၊ကျေးရွာအတွင်းသို့ရောက်ရှိနေပြီဖြစ်သော မဟာဓါတ်အားလိုင်းအားအိမ်ထောင်စုတိုင်းလျှပ်စစ်မီးသုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်။လက်ရှိမူလတန်းကျောင်းအားအလယ်တန်းအဆင့်သို့တိုးမြှင့်နိုင်ရေးဆောင်ရွက်သွားမည်။

က.၂) ကျွန်ုပ်တို့သည်အပ်ချုပ် ၊ဇာထိုးပန်းထိုး၊မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်စသော ကျေးရွာလူထုဖွံ့ဖြိုးတိုးတက်ရေးမည့် သင်တန်းများတက်ရောက်နိုင်ရန် ကျေးရွာရှိသင့်တော်သောလူငယ်များအား တက်ရောက်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားလူငယ်များအတွက် ကျွမ်းကျင်မှုများကို ပိုမိုးတိုးပွားစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးစသည့် လုပ်ငန်းအစီအစဉ်များနှင့်ချိတ်ဆက်ဆောင်ရွက်ပေးမည်။

က.၃) ကျေးရွာရှိတောင်သူလယ်သမားများနှင့် ပြည်သူလူထုများရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက်နွေစပါးစိုက်ဧကများတိုးချဲ့ပြီး ရေအရင်းအမြစ်များရရှိအောင်ဆောင်ရွက်သွားမည်။ကျန်းမာရေးအတွက်အဆင်ပြေချောမွေ့စွာဆေးကုသမှုများပေးနိုင်ရေးအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲရရှိနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ကျေးရွာ၏အခြေခံအဆောက်အဦရေရှည်ဖွံ့ဖြိုးတိုးတတ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးချစီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်မူစွမ်းရည်များလည်း တိုးတက်အောင်ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရေးရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊

မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်း ပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်း များထူထောင် တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အလယ်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက်ကျွမ်းကျင်သော ဆရာမများခန့်ထားနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်သွားမည်။ ထိုအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက်လည်း တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိ အောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်

လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီး သည့်အချက် မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေ သည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်

လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

(ငြ) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် အိမ်ဆိုင် ၃၊ ၄ဆိုင်ရှိပြီး အများစုမှာ အဖျောက်မြို့သို့သွားရောက်၍ ဝယ်ယူစားသုံးရပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic

classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) –ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အဦးများတိုးတက်လာစေရန်ဖြစ်ပါသည်။

(၂) သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ခြင်း

(၃) ကျေးရွာတွင်းကျေးလက်ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးရေး

(၄) ကျေးရွာတွင်းအိမ်ထောင်စုအားလုံးလျှပ်စစ်မီးလင်းရေး

(၅) ကျေးရွာတွင်းမူလတန်းမှအလယ်တန်းကျောင်းခွဲဖွင့်လှစ်နိုင်ရေး

(၆) စိုက်ပျိုးရေလုံလောက်စွာရရှိရေး:

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးဖွင့်လှစ်ပေးသည့် အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

အောက်ရေကန်ကုန်းအထက်ပိုင်း ကျေးရွာစီမံကိန်းရေးဆွဲသူ သင်တန်းသား များမှ သင်တန်းဆရာ၊ ဆရာမများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး	၁	Â	Â			
၂	သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေရရှိအောင် ဆောင်ရွက်ရေး	၂	A	Â A	Â		
၃	ကျန်းမာရေးဌာနခွဲတည် ဆောက်ပေးရေး	၃			A		
၄	အိမ်တိုင်းစေ့လျှပ်စစ်မီး လင်းရေး	၄			A		
၅	ကျေးရွာ၏ပညာရေးကဏ္ဍတိုး တက်ပြောင်းလဲရေး	၅	Â	Â			
၆	အလုပ်အကိုင်အခွင့်အလမ်း များပြားလာစေရေး	၆	Â	Â	Â		
၇	စိုက်ပျိုးရေးကဏ္ဍတိုး တက်ရေး	၇	A	A	A		

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး					
၂	သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေရရှိအောင် ဆောင်ရွက်ရေး					
၃	ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					
၄	အိမ်တိုင်းစေ့လျှပ်စစ်မီးလင်းရေး					
၅	ကျေးရွာ၏ပညာရေးကဏ္ဍတိုးတက်ပြောင်းလဲရေး					
၆	အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာစေရေး					
၇	စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မ ည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင် အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန် ကိုအဓိက ယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူ ပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီ များရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး

လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုး တွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါ မည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါ လိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင် အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံး သပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက် မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ ကိုအောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
  မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၃	၄	၇	၁.၃၄%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၃၂	၉	၄၁	၇.၈၅%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၂၀	၁၅	၃၅	၆.၇၀%
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၆	၃၃	၄၈	၉.၁၉%
၁၅ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၅	၁၇၂	၃၃၇	၆၄.၅၅%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၆	၂၈	၅၄	၁၀.၃၄%
စုစုပေါင်း လူဦးရေ- ၅၂၂		**၂၇၂**	**၂၅၀**	**၅၂၂**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု -၁၃၀		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၉၆%**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၃၀)ရှိပြီး စုစုပေါင်းလူဦးရေမှာ (၅၂၂)ရှိပြီး တစ်အိမ်ထောင်ပျမ်းမျှ ၃.၉၆%ရှိပြီး ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး ၁နှစ်အောက်နို့စို့အရွယ် (၇)ဦးရှိပြီး (၁.၃၄%)၊၅နှစ်အောက်ကလေးအရွယ်(၄၁)ဦး (၇.၈၅%)၊မူလတန်းကျောင်းသားအရွယ် (၃၅)ဦး(၆.၇%)၊နှင့်အလယ်တန်းကျောင်းသားအရွယ်(၄၈)ဦး(၉.၁၉%)ရှိပါသည်။ အလုပ်လုပ်နိုင်သည့်လူဦးရေ(၃၃၇)ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့်(၆၄%)ထိရှိကာ လူသားအရင်းအမြင်ကောင်းတစ်ရပ်ဖြစ်ပါသည်။သက်ကြီးရွယ်အို (၅၄)ဦးရှိကြောင်းတွေ့ရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ		အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%		မိသားစု ဝင် လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**						
	ကိုယ်ပိုင် လုပ်ငန်း	၆၃	၄၈.၄၆ %	၁၄၀			

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်		မိသားစုဝင် လုပ်အား	တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၅၄	၄၂%	၇၂			
၂	**တိရိစ္ဆာန်မွေးမြူရေး**						
	ကိုယ်ပိုင် လုပ်ငန်း	၁	၁%	၃	၂		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၃	**ငါးဖမ်းလုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၄	**သတ္တုတွင်းတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၅	**ထုတ်ကုန်လုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၆	**လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၇	**ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း	၁	၁%	၃			အဆင်ပြေပါသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၈	**ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)**						
	ကိုယ်ပိုင် လုပ်ငန်း	၂	၂%	၇			
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၀	**လက်လီ လက်ကားရောင်းဝယ်ရေး**						
	ကိုယ်ပိုင် လုပ်ငန်း	၅	၄%	၁၅			ပုံမှန်ဝင်ငွေရ
	အလုပ်သမား၊ ကျပန်း၊						

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်		မိသားစုဝင် လုပ်အား	တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%				
	ရာသီအလိုက် အလုပ်သမား						
၁၁	**ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**						
	ကိုယ်ပိုင် လုပ်ငန်း	၇		၅			ကိုယ်ပိုင်ကယ်ရီ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**						
	ကိုယ်ပိုင် လုပ်ငန်း	၁၂		၁၂			အစိုးရဝန်ထမ်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၆	**ပညာရေး**						
	ကိုယ်ပိုင် လုပ်ငန်း	၄	၃%	၁၀			
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၇	**ကျန်းမာရေး**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၈	**လူမှုရေး လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊						

စဉ်	လုပ်ငန်းများ		အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%		မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား						
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**						
	ကိုယ်ပိုင် လုပ်ငန်း						
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား						
	စုစုပေါင်း	၁၃၀	၁၀၀%	၂၅၀	၂		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည်စိုက်ပျိုးရေးလုပ်ငန်းအားအခြေခံလုပ်ကိုင်သော ကျေးရွာဖြစ် သောကြောင့်လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ မွေးမြူရေး နှင့်အခြားသောစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူဦးရေ အနည်းငယ်ရှိကြောင်းတွေ့ရပြီး ပညာရေး လုပ်ငန်းများတွင် လခစားလုပ်ကိုင်စားသောက်သူများ လည်းရှိပါသည်။ဆင်းရဲ အိမ်ထောင်စု အချို့မှာ ကျပန်းလုပ်ကိုင် စားသောက်ကြကြောင်းတွေ့ ရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၃၅၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	၄၀၀၀	၃၅၀၀	၃၀၀၀	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၃၅၀၀	၃၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလယ်ယာလုပ်ငန်းခွင်နှင့်အခြားသော နေ့စားလုပ်အားခ နှုန်းထားများမှာ အမျိုးသားများနှင့်အမျိုးသမီးမှာ ခြားနားနေသည်ကိုတွေ့ရှိရပြီး အလုပ်အကိုင်ရှားပါးမှုနှင့်ဝမ်းစာဖူလုံမှုမရှိခြင်းကြောင့် အခြားဒေသများသို့ သွားရောက်၍အလုပ်အကိုင်များရှာဖွေကြရကြောင်းတွေ့ရပါသည်

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၅၄၇	သင့်	မရ	
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း	၇၅	သင့်	မရ	
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ	၄၁၃	သင့်	မရ	
ပလပ်မြေ				
အခြား				
စုစုပေါင်း	**၁၀၆၂ ဧက**			

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလယ်မြေဧက(၅၄၇)ဧကရှိပြီး မြေဆီလွှာအရည်အသွေး

အသင့်အတင့်ကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။ အိမ်ခြံဝန်းစိုက်ခင်း(၇၅)ဧကရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)**
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ	။	။
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	။	။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းကာဗွန်၊ရေနံ အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိပါ။နွားစာကို လယ်ကန်သင်းနှင့်ကျေးရွာရှိ စားကျက်မြေများမှ ရရှိပါသည်။သဘာဝတိရိစ္ဆာန်မျိုးစိတ်များမှာ နီးစပ်မှုမရှိဘဲ အလွန်ရှားပါးလျှက်ရှိကြောင်းတွေ့ရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၁၂ဧကအထက်	၅ဧမှ၁၀ဧက	မရှိ	မရှိ
အိမ်အခြေအနေ	တိုက်ခံ၊သစ်အိမ်	သွပ်မိုး၊ပျဉ်ထောင်	သွပ်မိုး၊ထရံကာ	ဓနိမိုး၊ထရံကာ
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ထွန်စက်၊လက်တွန်းထွန်စက်	နွားလှည်း	မရှိ	မရှိ
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဖုန်း၊ဆိုင်ကယ်	ဖုန်း၊ဆိုင်ကယ်	ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	လယ်	လယ်	ကျပန်း	ကျပန်း
အခြားပိုင်ဆိုင်မှု				
အိမ်ထောင်စု -၁၃၀	၇(၁.၃၈%)	၂၂(၁၆.၉၂%)	၉၁(၇၀%)	၁၀(၇.၆၉%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းမြေယာပိုင်ဆိုင်၍အဆင်ပြေမှုရှိသော အိမ်ထောင်စု(၇)စု ရှိပြီး (၅.၃၈%)နှင့်အလယ်အလတ်ရှိသောအိမ်ထောင်စု (၂၂)စု(၁၆.၉၂%)၊ဆင်းရဲသောအိမ်ထောင်စု (၉၁)စု(၇၀%)နှင့်အလွန်ဆင်းရဲသော အိမ်ထောင်စု(၁၀)စု(၇.၆၉%)ရှိကြောင်းတွေ့ရပါသည်။လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှုတွင် အဆင်ပြေသောအိမ်ထောင်စုများမှာ ထွန်စက်။လက်တွန်းထွန်စက်၊ လှည်းများကိုအသုံးပြု၍ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လှည်းများကိုသာ အသုံးပြုကြ

ကြောင်းတွေ့ရပါသည်။ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းပိုင်ဆိုင်မှုမှာ အဆင်ပြေသောအိမ်ထောင်စုနှင့်အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ဖုန်း၊ဆိုင်ကယ်၊စလောင်း၊တီဗွီများကို အသုံးပြု၍ ဆင်းရဲသောအိမ်ထောင်စုများမှာ ဆိုင်ကယ်များကိုသာ အသုံးပြုကြပါသည်။လယ်ယာလုပ်ငန်းလုပ်ကိုင်၍ ဆင်းရဲသောအိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများမှာ ကျပန်း လုပ်ကိုင်စားသောက်ကြကြောင်းတွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၆	၂၀.၆%	သူတစ်ပါးထံမှချေးယူခြင်း
၃ လနှင့် ၆ လအောက်	၁၀	၃၄.၄%	လုပ်အားခကြိုတင်ထုတ်ယူခြင်း
၆လ မှ ၁၂ လ အထိ	၁၃	၄၄%	လုပ်အားခကြိုတင်ထုတ်ယူခြင်း

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းအိမ်ထောင်စုအားလုံး၏ ၃၀%အားဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု(၂၉)ရှိပြီး လုပ်အားခကြိုတင်ထုတ်ယူခြင်းများနှင့်သူတပါးထံမှ ချေးငှား ခြင်းများဖြင့်ဖြေရှင်းကြကြောင်းတွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းမိသားစုဦးရေများပြီး အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၁၈)စုရှိပါသည်။ သက်ကြီးရွယ်အိုများမှာလည်း မိသားစုစောင့်ရှောက်မှုများရှိကြောင်းတွေ့ရပါသည်။မသန်စွမ်းသူများမှာလည် မိသားစုစောင့်ရှောက်မှုများရှိကြောင်းတွေ့ရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ရေကြီးရေလျှံခြင်းကြောင့်
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	နွေစပါးစိုက်ပျိုးရန်ရေလုံလောက်စွာမရရှိခြင်း
၃	ရေကြီးခြင်း	မြင့်	နှစ်စဉ်ကြုံတွေ့ရခြင်း
၄	မိုးခေါင်ခြင်း	နိမ့်	တစ်ခါတစ်ရံတွက်သာဖြစ်ပွားခြင်း
၅	အအေးလွန်ကဲခြင်း	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၆	မုန်တိုင်း	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၇	ငလျင်	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၈	မီးဘေး	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၉	ဆားငန်ရေဝင်မြေ	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်	ရေကြီးခြင်းနှင့်ဓါတုဆေးများစနစ်တကျမသုံးစွဲခြင်းကြောင့်
၁၁	သစ်တောပြုန်းတီးခြင်း	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၁၂	ငှက်ဖျားရောဂါ	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၁၃	တီဘီရောဂါ	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	ဆေးပညာဗဟုသုတနည်းပါးခြင်း
၁၇	လူကုန်ကူးခြင်း	နိမ့်	ဖြစ်ပွားမှုမရှိပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	မြင့်	တိုက်ကြီးမြို့နှင့်မိုင်(၂၀)ကျော်ဝေးကွာသည်
၁၉	အခြား	နိမ့်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းနှစ်စဉ်ရေကြီးရေလျှံခြင်းကြောင့် လယ်ယာများပျက်စီးဆုံးရှုံး၍အထွက်နှုန်းများကျဆင်းခြင်း၊နွေစပါးစိုက်ပျိုးရန်မြေနေရာများရှိသော်လည်း ရေမရရှိခြင်း၊ရေကြီးခြင်းနှင့်ပိုးသတ်ဆေး၊ပေါင်းသတ်ဆေးများ စနစ်တကျသုံးစွဲမှုမရှိခြင်းကြောင့် မြေဆီလွှာများပျက်စီးခြင်းများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	အရက်အလွယ်တကူဝယ်နိုင်ခြင်း
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	ဝင်ငွေ/ထွက်ငွေမမျှတခြင်း

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	မရှိပါ။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	မြစ်ကမ်းပါးနှင့်နီးစပ်မှုမရှိ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	နိမ့်	မရှိပါ။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	မရှိပါ။
၉	ငါးကန်ပိုင်ရှင်	နိမ့်	မရှိပါ။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အလုပ်အကိုင်ရှားပါးခြင်း
၁၁	လူနည်းစုလူမျိုးများ	နိမ့်	မရှိပါ။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၄	ရွှေတွင်းလုပ်သား	နိမ့်	မရှိပါ။
၁၅	ဆေးစွဲသူများ	နိမ့်	မရှိပါ။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	နိမ့်	မရှိပါ။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	မရှိပါ။
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	မရှိပါ။
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်	မရှိပါ။
၂၀	ကားသမား	နိမ့်	မရှိပါ။
၂၁	အခြား	နိမ့်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလူငယ်များမှာ အရက်သေစာများကို ဈေးပေါပါဖြင့်လွယ်ကူစွာ ဝယ်ယူသောက်သုံးနေခြင်း၊အမျိုးသမီးဦးဆောင်သည့်မိသားစုများမှာ ဝင်ငွေနှင့်ထွက်ငွေမမျှတခြင်း မြေယာမဲ့ဆင်းရဲသားများ အလုပ်အကိုင်ရှားပါးခြင်း လက်လုပ်လက်စားကျပန်းလုပ်သားများသည် လည်းအလုပ်အကိုင်ရှားပါးခြင်း၊ဝင်ငွေထွက်ငွေ မမျှတခြင်းများကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဂေါပကအဖွဲ့	၃	၁၅		၁၅	ဘာသာရေး	၄	၆
၂	လူငယ်အဖွဲ့	၂	၁၅	၁၀	၂၅	လူမှုရေး	၄	၇

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလူငယ်များမှာ ကျေးရွာ၏လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။ဂေါပကလူကြီးများမှာလည်း ဘာသာရေး သာရေးနာရေးများကို အားသွန်ခွန်စိုက်လုပ်ကိုင် ဆောင်ရွက်နေကြကြောင်းတွေ့ရှိရပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ဘက်ပေါင်းစုံအဖွဲ့အစည်း		
၂	အစိုးရမဟုတ်သောအဖွဲ့အ		

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
	စည်း		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆၇	၅၁.၅၃%	မြေယာမဲ့
၂	၂.၅ ဧကအောက်	၆	၄.၆၁%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၂၀	၁၅.၃၈%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၂	၁၆.၉၂%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၁၅	၁၁.၅၅%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၃၀**	**၉၉.၅၄%**	

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းမြေယာပိုင်ဆိုင်သူများနှင့် မြေယာမဲ့များအား‌ယှဉ်ကြည့်လျှင်မြေယာမဲ့များမှာ ကျေးရွာလူဦးရေ၏ထက်ဝက်ကျော်ရှိနေပြီး မြေယာပိုင်ဆိုင်သူအချို့မှာ စားဝတ်နေရေးအတွက် လုံလောက်စွာပေးစွမ်းနိုင်သော မြေယာမရှိကြောင်းတွေ့ရှိရပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရှင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရှင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ	ရေသောက်ဧက	ရရှိနိုင်မှု

		/ပုဂ္ဂလိက		တန္ခစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်				
၂	ရေလွှဲဆည်				
၃	မြစ်ရေတင်စီမံကိန်း				
၄	အဝီစိတွင်း				
၅	လက်ငင် ရေတွင်း	ပုဂ္ဂလိက	၁၈၀	ရာသီအလိုက်	မရှိ
၆	စိမ့်စမ်းရေ				
၇	ချောင်းရေ				
၈	အခြား				

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းမြစ်ချောင်းများနီးစပ်မှုမရှိခြင်း၊ရေလွှဲဆည်များမရှိခြင်း တို့ကြောင့်ရေအရင်းအမြစ်ကို လယ်သမားများကိုယ်တိုင် အဝီစိတွင်းတူးပြီး စိုက်ပျိုးနေကြသော ကြောင့်ငွေကုန်ကျးကျများခြင်း ရေမလုံလောက်၍ စပါးအထွက်နည်းခြင်းများကို လေ့လာတွေ့ ရှိရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကြ	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၃၉၄	တင်း	၅၀	၉၀	၇၀	ဇွန်	စက်တင်ဘာ	လတ်	လတ်	
နွေစပါး	၁၈၀	တင်း	၇၀	၁၀၀	၈၅	ဇန်နဝါရီ	ဧပြီ	လတ်	လတ်	
မတ်ပဲ	၃၉၄	တင်း	၇	၁၅	၁၀					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း မိုစပါး၊နွေစပါးနှင့်မတ်ပဲများကို စိုက်ပျိုးခြင်းများကို တွေ့ရှိရပြီး မိုးစပါးရိတ်သိမ်းပြီးချိန်တွင် မတ်ပဲကိုဆက်လက်၍စိုက်ပျိုးကြသည်။စပါးနှင့်မတ်ပဲ စိုက်ပျိုးရာတွင် အထွက်နှုန်းတိုးရန်အတွက် နည်းပညာလိုအပ်ချက်များရှိနေပြီး မျိုးကောင်းမျိုးသန့် များအလွယ်တကူမရရှိခြင်း လိုအပ်သောဓါတ်မြေဩဇာများ အချိန်မှီမဝယ်ယူနိုင်ခြင်း၊ပိုးသတ်ဆေး များအားဈေးကြီးပေး၍ဝယ်ယူသုံးစွဲနေကြခြင်း၊ နွေစပါးစိုက်ပျိုးရာတွင် ရေအရင်းအမြစ်များမလုံ

လောက်ခြင်းတို့ကြောင့် စပါးနှင့်ပဲစသည်များအထွက်နှုန်းကျဆင်းလျှက်ရှိကြောင်းတွေ့ရှိရပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အတွက်	လယ်သမား ဦးရေ	အရေ အတွက်	လယ်သမား ဦးရေ		
ထွန်စက်	၁						
လက်တွန်းထွန်စက်	၁၂						
အစေ့ချ ကိရိယာ							
ရိတ်သိမ်းခြွေလှေ့စက်							
ရိတ်သိမ်းစက်	၁						
ခြွေလှေ့စက်							
ရေစုပ်စက်	၅						
ခြေနင်းရေတင်စက်							
မြက်ရိတ်စက်	၆						
အခြား							

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလယ်ယာသုံးစက်ကိရိယာများမှာ ကျေးရွာ၏ လယ်သမား ဦးရေနှင့်ယှဉ်ကြည့်လျှင် သုံးစွဲနိုင်သည့်လူဦးရေနည်းနေသေးကြောင်းတွေ့ရှိရပြီး ယခုလိုရာသီဥတု မမှန်သောကာလတွင် လယ်ယာသုံးစက်ကိရိယာများ အများအပြားလိုအပ်လျှက်ရှိကြောင်းတွေ့ရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	တိုးချဲ့စိုက်ပျိုးနိုင်သောမြေနေရာများရှိသည်
ရေရင်းမြစ်	မရှိပါ
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	နွားချေးနှင့်အမှိုက်ဆွေးများကိုအသုံးပြုသည်
အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး	လက်လှမ်းမှီမှုရှိပါသည်
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	မြန်မာလယ်ယာစိုက်ပျိုးရေးဘဏ်နှင့်သမဝါယမဘဏ်မှချေးငွေများရရှိသည်

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	လက်လှမ်းမှီမှုရှိသည်
သွင်းအားစုဈေးကွက်	အလွယ်တကူဝယ်ယူနိုင်ပါသည်
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	ကျေးရွာအရောက်ကုန်သည်များလာရောက်ဝယ်ယူကြသည်
အခြား	

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိလယ်ယာမြေများမှာ မြေဆီဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။သဘာဝဓါတ်မြေဩဇာအဖြစ် နွားချေးနှင့်အမှိုက်ဆွေးများကို အသုံးပြုကြပါသည်။စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ဘဏ်နှင့်သမဝါယမဘဏ်များမှ ထုတ်ချေးပေးသော်လည်း အချိန်မှီမရရှိခြင်းကြောင့် နောက်ကျမှသီးနှံစိုက်ပျိုးရခြင်းများကိုလည်းတွေ့ရှိရပါသည်။အမြတ်ကျန်ရှိမှုမှာလည်းနည်းပါးကြောင်းတွေ့ရသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	တိုးချဲ့နိုင်သော်လည်းမြေဆီလွှာမကောင်းခြင်းကြောင့်
မြေဆီဩဇာ အခြေအနေ	ရေကြီးခြင်းနှင့်ဓါတုဆေးဝါးများအလွန်အကျွံသုံးစွဲခြင်းကြောင့်
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	ငွေကြေးအရင်းအနှီးလုံလောက်စွာမရရှိခြင်း၊အတိုးနှုန်းကြီးခြင်း
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	အချိန်မှီအသုံးချနိုင်ခြင်းမရှိပါ။
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	မြို့ပေါ်သို့သွားရောက်လုပ်ကိုင်ခြင်းများကြောင့်လုပ်သားရှားပါးသည်
ရေရင်းမြစ်များ ရရှိနိုင်မှု	စိုက်ပျိုးရေးလုံလောက်စွာမရရှိပါ
စိုက်ပျိုးရေမလုံလောက်မှု	ဆည်မြောင်းများတိမ်ကောလာခြင်း
ဖျက်ပိုးနှင့် ရောဂါ	စပါးနှင့်မတ်ပဲအထွက်နှုန်းကျဆင်းခြင်း
ဈေးကွက် လက်လှမ်းမီမှု	ဈေးကွက်လက်လှမ်းမှီသော်လည်းဈေးနှိမ်ဝယ်ယူကြသည်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ကျေးရွာအရောက်သင်တန်းပေးမှုနည်းပါးသည်
အခြား	

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလယ်ယာမြေများကို တိုးချဲ့၍မစိုက်ပျိုးနိုင်ခြင်းနှင့်ဓါတုဆေးဝါးများအားအလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် မြေဆီလွှာများပျက်စီးလျှက်ရှိနေခြင်းနှင့် သီးနှံအထွက်တိုးရန်အတွက် ငွေကြေးအချိန်မှီသုံးစွဲနိုင်မှုမရှိခြင်းနှင့် လက်လှမ်းမှီမှုနည်းပါးခြင်းကြောင့် စိုက်ပျိုးရေးသွင်းအားစုများအား အချိန်မှီအသုံးမချနိုင်ခြင်းများလည်းရှိပါသည်။ စိုက်ပျိုးရေးလုံလောက်စွာ မရရှိခြင်းနှင့် ဖျက်ပိုးများကျရောက်တတ်ခြင်းတို့ကြောင့် အထွက်နှုန်းများလည်းကျဆင်း လျှက်ရှိကြောင်းတွေ့ရပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၄၃	၁၃၃	လယ်ယာလုပ်ငန်းတွင်သုံးရန်
နို့စားနွား			
မြင်း			
ကျွဲ			
မြည်း			
လား			
ဆိတ်			
သိုး			
ဝက်	၃၁	၄၈	တစ်နိုင်တစ်ပိုင်မွေးမြူ
ကြက်	၈၄	၆၈၃	တစ်နိုင်တစ်ပိုင်မွေးမြူ
ဘဲ	၂၂	၁၆၀	တစ်နိုင်တစ်ပိုင်မွေးမြူ
နွားနောက်			
အခြား			
ငါးလုပ်ငန်း			
ငါးကန်			
ပုဇွန်ကန်			
ဂဏန်းမွေးမြူရေးလုပ်ငန်း			
ရေချို ငါးဖမ်းလုပ်ငန်း			
ကမ်းလွန် ငါးဖမ်းလုပ်ငန်း			
အခြား			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းနွားမွေးမြူနေသောအိမ်ထောင်စု(၄၃)စုတွင် နွားကောင်ရေ ၁၃၃ကောင်ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက်မွေးမြူကြပါသည်။

ကြက်၊ဝက်၊ဘဲမွေးမြူသည့်အိမ်ထောင်စုများလည်းရှိပြီး စီးပွားဖြစ်မွေးမြူသူမရှိဘဲ အိမ်တွင်းတစ်နိုင်တစ်ပိုင်သာမွေးမြူကြသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေများရှိပါသည်
ရေရရှိမှု	စိုက်ပျိုးရေလုံလောက်စွာရရှိသည်
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	တိုက်ကြီးမြို့နှင့်အဖျောက်မြို့များတွင်ဝယ်ယူနိုင်ပါသည်
ချေးငွေ	လွယ်ကူစွာရရှိပါသည်
သွင်းအားစုဈေးကွက်	အဖျောက်မြို့တွင်ဝယ်ယူနိုင်ပါသည်
ဝန်ဆောင်မှုဈေးကွက်	ကျေးရွာအရောက်လာရောက်ဝယ်ယူခြင်းများရှိပါသည်
ထုတ်ကုန်ရောင်းဝယ်မှု	ကျေးရွာအရောက်လာရောက်ဝယ်ယူခြင်းများရှိပါသည်
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	လုံလောက်မှုရှိပါသည်
အခြား	
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	
ချေးငွေ	
သွင်းအားစု လက်လှမ်းမီမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
ထုတ်ကုန်ရောင်းဝယ်မှု	
အခြား	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းနွားစာကိုလယ်ကန်သင်းများနှင့်စားကျက်မြေများမှ ရရှိပါသည်။အိမ်တွင်းတစ်နိုင်တစ်ပိုင်မွေးမြူရန်အတွက် အိမ်ခြံဝန်းမြေနေရာလုံလောက်မှုရှိပြီး လွယ်ကူစွာမွေးမြူနိုင်သည်။သွင်းအားစုများကိုလည်းအဖျောက်မြို့၊တိုက်ကြီးမြို့၊အဖျောက်မြို့နှင့်နီး စပ်ရာကျေးရွာများမှ လွယ်ကူစွာ ဝယ်သူနိုင်ပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	မွေးမြူရေးအတွက်သီးသန့်ချေးငွေမရရှိပါ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
ကူးစက်ရောဂါဖြစ်ပွားမှု	တစ်ခါတစ်ရံတွင်သာကျရောက်တက်သည်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မရှိပါ
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	လက်လှမ်းမမှီပါ
အခြား	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	–
ချေးငွေရရှိနိုင်မှု	–
အခြား	–

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းမွေးမြူရေးအတွက်ချေးငွေလုံလောက်စွာမရရှိခြင်း၊ကူးစက်ရောဂါများတစ်ခါတစ်ရံတွင် ကျရောက်တက်ခြင်း၊မွေးမြူရေးနည်းပညာနှင့် ငွေကြေးအရင်းအနှီးလို အပ်ချက်ရှိခြင်းတို့ကြောင့်စီးပွားဖြစ်လုပ်ကိုင်သူနည်းပါးသည်။မွေးမြူရေးအတွက်လိုင်စင်လေလံများ လည်းလက်လှမ်းမှီမှုမရှိကြောင်းတွေ့ရပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း	၁		၁	လစဉ်ပုံမှန်ဝင်ငွေရသည်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊	၂		၂	လစဉ်ပုံမှန်ဝင်ငွေရသည်

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၃		၃	လစဉ်ပုံမှန်ဝင်ငွေရသည်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းမျ ားး (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး	၄		၄	လခစားလုပ်သားများ
၁၄	ကျန်းမာရေး				
၁၅	လူမှုရေးလုပ်ငန်းများ				
၁၆	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)				
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ				

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းစိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော လုပ်ငန်းလုပ်ကိုင်သူများမှာပန်းရံ(၁)ဦး၊ စက်ချုပ်လုပ်ကိုင်သူ(၂)ဦး၊ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ(၃)ဦးနှင့်ပညာရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ(၄)ဦးရှိကြောင်းတွေ့ရပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စက်ချုပ်လုပ်ငန်း	လျှပ်စစ်မီးရရှိသောကြောင့်အသင့်အတင့်အဆင်ပြေပါသည်
